“Ta’ang Civil Society Organization (TCSO)”

“Union of Karenni State Youth (UKSY)”

# ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေး အပြည်ပြည်ဆိုင်ရာနေ့

## မြန်မာစစ်တပ်၏ ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်ခြင်းသည် နိုင်ငံတကာ ရာဇဝတ်မှုတစ်ခုဖြစ်သည်- ထိုလုပ်ရပ်အား လုံးဝ ရပ်တန့်ရမည်။

ဇွန်လ ၂၆ ရက်၊ ၂၀၂၁ ခုနှစ်

ယနေ့ကျရောက်သော ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေး အပြည်ပြည်ဆိုင်ရာနေ့တွင် မိမိတို့အနေဖြင့် မြန်မာနိုင်ငံရှိ အရပ်သားပြည်သူများအပေါ် ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်လှသော ညှဉ်းပန်းနှိပ်စက်မှုများကို အမြန်ဆုံးရပ်တန့်ရန်နှင့် တရားမျှတမှုအတွက် ကျူးလွန်သူများကို အပြစ်ပေးအရေးယူရန် တောင်းဆိုပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ညှဉ်းပန်းနှိပ်စက်မှုများနှင့်ပတ်သက်၍ AJAR နှင့် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အပိုင်း ၅ ပိုင်းပါသော ရုပ်သံဇာတ်လမ်းတွဲကို ထုတ်လွှင့်မည်ဖြစ်သည်။ (AJAR ၏ YouTube channel ((click here))၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၊ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)နှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ Website/Facebook တို့တွင် ကြည့်ရှုနိုင်ပါသည်။)

စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ဖိနှိပ်မှုများကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်တပ်သည် ၎င်းတို့ အမိန့်အား ပြည်သူလူထုမှ နာခံစေရန်အတွက် ဆယ်စုနှစ်များစွာ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးခဲ့သော အရပ်သားပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံသည့်နည်းလမ်းအသုံးပြုခြင်းကို လုံးဝရပ်တန့်မည်မဟုတ်ကြောင်း ပြသနေသည်။

နိုင်ငံတဝှမ်းရှိ ပြည်သူလူထုတရပ်လုံးနီးပါး စစ်အာဏာရှင်စနစ်ကို ရဲရင့်စွာနှင့် ငြိမ်းချမ်းစွာ ဆက်လက်ဆန့်ကျင်တော်လှန်နေချိန်တွင် စစ်အာဏာရှင်၏ လုံခြုံရေးတပ်ဖွဲ့ဝင်များမှာမူ ရက်စက်ကြမ်းကြုတ်စွာ ပြန်လည်တုံ့ပြန်လျှက်ရှိသည်။ စစ်အာဏာသိမ်းချိန်မှစ၍ ယနေ့အချိန်အထိ ကလေးငယ်များနှင့်

လူငယ်များအပါအဝင် လူပေါင်းစုစုပေါင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရပြီးဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စစ်တမ်းများအရ ဇွန်လ ၂၄ ရက်နေ့အထိ လူပေါင်း ၆၃၀၀ နီးပါး ဖမ်းဆီးခံခဲ့ရပြီး ၅၁၀၄ ဦးမှာ ယနေ့အချိန်ထိ ဖမ်းဆီးထိန်းသိမ်းခံနေရဆဲဖြစ်သည်။ စစ်အာဏာရှင်၏ အကြမ်းဖက်ဖြိုခွင်းမှုသည် နိုင်ငံရေးသမားများ၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူများ၊ သတင်းထောက်များ၊ နာမည်ကြီးအနုပညာရှင်များနှင့် နာမည်ကျော်ကြား သူများ၊ သပိတ်မှောက်အလုပ်သမားများသာမက ကလေးငယ်များနှင့် လမ်းသွားလမ်းလာများပါမကျန် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် မည်သူမဆို ပစ်မှတ်ထားနေသည်။ ဖမ်းဆီးခံရသူများထဲမှ အများစုမှာ ဆိုးဝါးလှသည့် ညှဉ်းပန်းနှိပ်စက်မှုပေါင်းစုံကို ခံကြရသည်။

ဖမ်းဆီးထားစဉ်အတွင်းတွင်လည်း အိမ်သာသွားခွင့်မပေးခြင်း၊ အိပ်စက်ခွင့်မပေးခြင်းနှင့် ရိုက်နှက်ခြင်း အပါအဝင် စနစ်တကျညှဉ်းပန်းနှိပ်စက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သည့် သတင်းများလည်း ထွက်ပေါ်လာသည်။ စစ်ကြောရေးစခန်းအတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသူများကို မျက်နှာကိုအဝတ်နှင့် စည်းနှောင်ဖုံးထားကာ လက်နောက်ပြန် ချည်နှောင်လျှက် (သို့မဟုတ်) လက်ထိပ်ခတ်လျှက် ကွန်ကရစ်ကြမ်းခင်းပေါ်တွင် ဒူးထောက်ခိုင်းခြင်း (သို့မဟုတ်) မှောက်ရက်အိပ်ခိုင်းပြီး သတင်းအချက်အလက် ရရှိရန် (သို့မဟုတ်) အတင်းအဓမ္မ ဝန်ခံထွက်ဆိုလာစေရန်အတွက် ထပ်တလဲလဲ ရိုက်နှက်ကြသည်။ အချို့မှာ သေနတ်ဒင်များ၊ ဖန်ပုလင်းများ၊ ကေဘယ်လ်ကြိုးများကဲ့သို့သော အန္တရာယ်ရှိသော အရာများဖြင့် ရိုက်နှက်ခံရကြောင်း ပြောဆိုကြသည်။ အထူးစိုးရိမ်ဖွယ်ရာအချက်မှာ အမျိုးသမီးများသည် စစ်ကြောရေး ကာလနှင့် ဖမ်းဆီးထိန်းသိမ်းခံရစဉ်အတွင်း လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုများ၊ လိင်ခွဲခြားမှုနှင့် လိင်ကွဲပြားမှုဆိုင်ရာ မုန်းတီးမှုပုံစံများဖြင့် ညှဉ်းပန်းနှိပ်စက် ခံရခြင်းပင်ဖြစ်သည်။ ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း အမျိုးသမီးများ၏ လိင်အင်္ဂါများကို ရိုက်နှက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများအပါအဝင် လိင်ပိုင်းဆိုင်ရာစော်ကားမှုများ ကျူးလွန်သည့် သတင်းများလည်း ထွက်ပေါ်ခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းခံရသူအချို့မှာ ဆက်လက်ရှင်သန်နိုင်ခြင်း မရှိခဲ့ပေ။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ် ဖမ်းဆီးခြင်းခံလိုက်ရသော အရပ်သားပြည်သူများသည် အများအားဖြင့် ဆေးဝါးကုသခွင့် မရရှိကြဘဲ နောက်ပိုင်းတွင် ၎င်းဒဏ်ရာများကြောင့်ပင် သေဆုံးခဲ့ကြရသည်။ သိသာထင်ရှားသည့် ညှဉ်းပန်းနှိပ်စက်သည့် ဒဏ်ရာများ၊ လက္ခဏာများရှိသော်လည်း ညှဉ်းပန်းနှိပ်စက်ခံရပြီး သေဆုံးခဲ့သူများ၏ ရုပ်အလောင်းများကို သေဆုံးသည့်အကြောင်းအရင်းအပေါ် လုပ်ကြံဇာတ်ခင်းကာ မိသားစုထံ ပြန်ပို့ခဲ့ကြသည်။ အချို့ရုပ်အလောင်းများတွင် ကိုယ်တွင်းအစိတ်အပိုင်းများ ဖယ်ထုတ်ထားသည့် ဒဏ်ရာအမှတ် အသားများ

ကိုလည်း တွေ့ရသည်။ အချို့မှာ အသက်ရှင်သန်လျှက် ၎င်းတို့၏ မိသားစုထံ ပြန်ပို့ခံရသော်လည်း ရောက်ပြီး နာရီပိုင်းအနည်းငယ်အကြာတွင်ပင် ရရှိထားသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ကြသူများလည်း ရှိသည်။ AAPP ကောက်ယူထားသည့် စာရင်းများအရ ထိုသို့ ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးရသူပေါင်း အနည်းဆုံး ၂၄ ဦးရှိပြီဖြစ်သည်။

မြန်မာစစ်တပ်မှ ကျင့်သုံးနေသော ဤရက်စက်ကြမ်းကြုတ်လှသော နည်းဗျူဟာများသည် လူထု ထောက်ခံမှုများသော စစ်အာဏာရှင်တော်လှန်ရေးကို နှိပ်ကွပ်ရေးနှင့် ၎င်းတို့၏ အာဏာကို ဆက်လက် တည်မြဲရေးအတွက် လူထုကြားကြောက်ရွံ့မှုများ သွတ်သွင်းကာ အကြမ်းဖက်မှုဓလေ့ကို ဖန်တီးရန် ရည်ရွယ်ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ညှဉ်းပန်းနှိပ်စက်မှုကို အသုံးပြုခြင်းသည် လတ်တလော နိုင်ငံရေးဖြစ်စဉ်အတွက် အသစ်အဆန်းတစ်ခု မဟုတ်ပေ။ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ နှစ်ပေါင်း များစွာပြုစုထားသော မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် စစ်ကြောရေးနှင့် ထောင်သွင်း အကျဉ်းချသည့် ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှုကို အသုံးပြုကြသည်မှာ ဖြစ်ရိုးဖြစ်စဉ် တစ်ခုပင်ဖြစ်သည်။ ထိုထဲတွင် ရဲအချုပ်တွင် ဖမ်းဆီးထိန်းသိမ်းခံရသော LGBTIQ များအပေါ် နှိပ်စက်ခြင်းများလည်း ပါဝင်သည်။ တိုင်းရင်းသား နယ်မြေများတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ၊ ခေါင်းဆောင်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရယူရန်နှင့် အတင်းအဓမ္မဝန်ခံစေရန် အတွက် (သို့မဟုတ်) စစ်အုပ်စု၏အတိုက်အခံများအပေါ် စာနာနားလည် ထောက်ခံမှုများကြောင့် အပြစ်ပေးရန်အတွက် စစ်အာဏာရှင်သည် အရပ်သားပြည်သူများအပေါ် ညှဉ်းပန်းနှိပ်စက်ခြင်းအပါအဝင် အခြားရက်စက်သည့် ပြုမူဆက်ဆံမှုပုံစံများကို အသုံးပြုခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ၏ ကမ္ဘာ့ကုလသမဂ္ဂသို့ တင်ပြသော အစီရင်ခံစာများတွင် "ဘာသာတရားနှင့် လူမျိုးအပေါ် တပ်မတော်သားများက နှုတ်ဖြင့် ရှုတ်ချခြင်းနှင့် လိင်အကြမ်းဖက်မှုအပါအဝင် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ရက်စက်သည့် ပြုမူ ဆက်ဆံမှုပုံစံများသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များရှိ တိုင်းရင်းသားလူနည်းစုများများ၏ လူမဆန်သည့် လုပ်ရပ်များကို ပြန်လည် ထင်ဟပ်နေသည်"ဟု ဖော်ပြခဲ့သည်။ အမှန်စင်စစ်တွင် ညှဉ်းပန်းနှိပ်စက်မှုများနှင့် ရက်စက်သည့် ပြုမူဆက်ဆံမှုများ အပါအဝင် အရပ်သားများကို ပစ်မှတ်ထားခြင်းသည် မြန်မာစစ်အာဏာရှင်၏ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း စစ်ဆင်ရေးပုံစံများ၏ အခြေခံအကျဆုံး အမှတ်သင်္ကေတတစ်ခု ဖြစ်ကြောင်း FFM မှ လေ့လာတွေ့ရှိခဲ့သည်။

ညှဉ်းပန်းနှိပ်စက်မှုသည် ရှင်သန်လွတ်မြောက်သူများနှင့် ၎င်းတို့၏ မိသားစုများအတွက် ဆိုးဝါးလွန်းသည့် ရေရှည်အကျိုးဆက်များကို ဖြစ်စေသည်။ ၎င်းတို့အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ၊ စိတ်ပိုင်းဆိုင်ရာ

ဒဏ်ရာများ၊ လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ခြင်းနှင့် စီးပွားရေးအခက်အခဲများ ရှန်းကန်နေရသည့် တပြိုင်နက်တည်းတွင် မြန်မာနိုင်ငံအတွင်း အထူးသဖြင့် လက်ရှိအခြေနေကာလအတွင်းတွင် အခြေခံထောက်ပံ့ကူညီမှုဝန်ဆောင်မှုများ လက်လှမ်းမှီမှုမှာလည်း မရှိသလောက် နည်းပါးလျှက်ရှိသည်။ ညှဉ်းပန်းနှိပ်စက်မှုမှ ရှင်သန်လွတ်မြောက်လာသူများနှင့် ၎င်းတို့၏ မိသားစုများအနေဖြင့် ကျန်းမာရေးနှင့် ဆေးဝါးကုသမှု၊ စိတ်ပိုင်းဆိုင်ရာ လူမှုရေးအကူအညီများ၊ ဥပဒေအကူအညီများနှင့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ လက်လှမ်းမီရန် အထူးလိုအပ်လျှက်ရှိသည်။ ၎င်းတို့၏ အရေးပေါ် လိုအပ်ချက်များအပါအဝင် အသက်ရှင်သန်လွတ်မြောက်သူများ၏ အတွေ့အကြုံများကို အသိအမှတ်ပြု လက်ခံပြီး နောက်ထပ်မဖြစ်အောင် သေချာစေသည့် ရေရှည်လိုအပ်ချက်များအတွက် အစီအစဉ်များ ချမှတ်ရန်လည်း လိုအပ်နေသည်။

လုံခြုံရေးတပ်ဖွဲ့များ၏ ညှဉ်းပန်းနှိပ်စက်မှုများသည် နိုင်ငံတကာဥပဒေသာမက မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများကိုပါ ချိုးဖောက်ခြင်းဖြစ်သည်။ အချို့သော အခြေအနေများတွင် ညှဉ်းပန်းနှိပ်စက်မှုသည် ပြည်သူလူထုအပေါ် ကျယ်ပြန့်စွာ စနစ်တကျ ကျူးလွန်နေသည့် တိုက်ခိုက်မှု အစိတ်အပိုင်းဖြစ် ပါဝင်နေပါက ၎င်းလုပ်ရပ်ကို လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်သည်။ ယခင်က မိမိတို့ အကြိမ်ကြိမ် ဖော်ပြခဲ့သည့် အတိုင်းပင် ဆယ်စုနှစ်များစွာ အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်နေခြင်းသည် မြန်မာစစ်တပ်အား ကြောက်မက်ဖွယ်ကောင်းသော ရာဇဝတ်မှုများကို တာဝန်ခံမှုကင်းမဲ့စွာ ဆက်လက် ကျူးလွန်ရန် ပိုမိုတွန်းအားပေးနေသည်။ ဤအခြေအနေကို လုံးဝရပ်တန့်ရမည်ဖြစ်ပြီး တရားမျှတမှုအား အကောင်အထည်ဖော်ရန်အတွက် အချိန်ကျရောက်ပြီ ဖြစ်သည်။ မြန်မာစစ်တပ်မှ ကျူးလွန်နေသော အရပ်သားများအပေါ် အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရန်နှင့် တရားမျှတမှုအတွက် ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်သူ မည်သူမဆို မှန်ကန်သော တရားစီရင်ရေးသို့ အရောက်ပို့ဆောင်ရမည် ဖြစ်သည်။

ထို့ကြောင့် မိမိတို့အနေဖြင့် အောက်ပါအတိုင်း အကြံပြုတိုက်တွန်းသည်၊

နိုင်ငံတကာအသိုင်းအဝိုင်းသို့ -

- အာဏာသိမ်းစစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက)ကို အသိအမှတ်မပြုရန်နှင့် စစ်တပ်အနေဖြင့် ဂျနီဗာ သဘောတူစာချုပ်ကို လေးစား လိုက်နာကာ အရပ်သားပြည်သူများအပေါ် အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရေး အတွက် မြန်မာစစ်တပ်အား ဖိအားပေးရန်
- မြန်မာနိုင်ငံအခြေအနေအား နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းမှု ပြုလုပ်ရန်
- မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားကို ပိုမိုအားကောင်းစေရေး ဆောင်ရွက်ရန်
- ပေါင်းစပ်ညှိနှိုင်းထားသည့် လက်နက်ပိတ်ဆို့မှုတစ်ခု မြန်မာနိုင်ငံအပေါ် ချမှတ်ရန်

- မြန်မာစစ်တပ်၏ စီးပွားရေးလုပ်ငန်းများအပေါ် ပစ်မှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုအား ထပ်မံလုပ်ဆောင်ရန်
- ညှဉ်းပန်းနှိပ်စက်ခံရသူများကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုမှုများတွင် ပူးပေါင်းပါဝင်ရန်
- ညှဉ်းပန်းနှိပ်စက်ခံရသူများ၏ အရေးပေါ်လိုအပ်ချက်နှင့် ရေရှည်လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် ရုပ်ပိုင်းဆိုင်ရာ၊ ဆေးဝါးနှင့် စိတ်ပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရန် ရည်ရွယ်သည့် လုပ်ငန်းစဉ်များမှတစ်ဆင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအပါအဝင် ညှဉ်းပန်းနှိပ်စက်ခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ကူညီပံ့ပိုးပေးရန်
- အကြမ်းဖက်မှုဒဏ်ခံရသည့် အရပ်သားပြည်သူများအား နယ်စပ်ဖြတ်ကျော်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးရန်

**အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN) သို့-**

- မြန်မာ့အရေးနှင့်ပတ်သက်သည့် ၎င်း၏ "အချက် ၅ ချက်ပါ သဘောတူညီချက်" ကို အကောင်အထည်ဖော်မည့် အချိန်ကာလ သတ်မှတ်ရန်နှင့် မြန်မာစစ်အုပ်စုမှ တာဝန်ခံမှုရှိစေရေးအတွက် ထိရောက်ပွင့်လင်းစွာ ဆောင်ရွက်ရန်
- နိုင်ငံရေးအကျဉ်းသူ/အကျဉ်းသားများအားလုံး ချက်ချင်းလွှတ်ပေးရေး တောင်းဆိုရန်
- နိုင်ငံတကာအသိုင်းအဝိုင်းမှ ပြုလုပ်သည့် လက်နက်ပိတ်ဆို့မှုကို ထောက်ခံပံ့ပိုးရန်

**အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သို့-**

- လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ကျူးလွန်သော ညှဉ်းပန်းနှိပ်စက်မှုများကို မှတ်တမ်းတင်ရန်
- IIMM နှင့် ပူးပေါင်းဆောင်ရွက်ရန်
- အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ ရောမစာချုပ်ကို လက်ခံခြင်းနှင့် အတိတ်မှ ရာဇဝတ်မှုများအတွက် ICC၏ တရားစီရင်ပိုင်ခွင့်ကို လက်ခံကြောင်း ကြေညာခြင်းအပါအဝင် တရားမျှတမှုအတွက် ကျူးလွန်သူများကို တရားစီရင်ရေးသို့ ခေါ်ဆောင်ရန်အတွက် ကတိကဝတ်ပြုရန်
- ကမ္ဘာ့ကုလသမဂ္ဂ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးသဘောတူစာချုပ်ကို ထောက်ခံရေးနှင့် လက်မှတ်ထိုးရေးအတွက် ကတိကဝတ်ပြုရန်
- NUG၏ အခွင့်အာဏာအောက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသိပညာပေးသင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် ညှဉ်းပန်းနှိပ်စက်မှုကို တားဆီးကာကွယ်ရေး ကတိကဝတ်ပြုရန်
- အကြမ်းဖက်မှုများမှ ရှင်သန်လွတ်မြောက်လာသူများ၏ အခွင့်အရေးများဖြစ်သည့် အမှန်တရားရရှိရေးနှင့် ပြန်လည်ကုစားပေးလျော်ခြင်း အခွင့်အရေးများ၊ အထူးသဖြင့် ရှင်သန်လွတ်မြောက်သူများတွက် ပြန်လည်ထူထောင်ရေး အစီအစဉ်များကို လုပ်ဆောင်ရန်အလို့ငှာ

အဓိပ္ပာယ်ပြည့်ဝသော အသွင်းကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ယန္တရားများကို တည်ဆောက်ရန် အတွက် ကတိကဝတ်ပြုရန်

1. Asia Justice and Rights (AJAR)
2. Women's League of Burma (WLB)
3. Network for Human Rights Documentation Burma (ND-Burma)
4. Assistance Association for Political Prisoners (AAPP)
5. All Arakan Student's and Youth Congress (AASYC)
6. Ta'ang Civil Society Organization (TCSO)
7. Burma Civil War Museum (BCM)
8. Union Of Karenni State Youth (UKSY)

**Contacts:**

secretariat@womenofburma.org
aasyc.ghq@gmail.com
admin.burma@asia-ajar.org